# သင့်အတွက် 2023 ခုနှစ်အထွေထွေရွေးကောက်ပွဲတွင် မဲပေးရန်လမ်းညွှန်



ELECTORAL COMMISSION
TE KAITIAKI TAKE KŌWHIRI

E231 06/23 Burmese

## 2023 တွင် မည်သို့မဲပေးရမည်နှင့် မည်သည်ကို မျှော်လင့်ရမည်ကို နားလည်စေရန်

### သင်စာရင်းသွင်းထားပြီး အသေးစိတ်အချက်များ ပြည့်စုံမှုရှိပါစေ။

မဲပေးရန်အတွက် သင်စာရင်းသွင်းထားရန် လိုအပ်သည်။ အသက် 18 နှစ်နှင့် အထက်ရှိသူ၊ နယူးဇီလန်နိုင်ငံသား (သို့) အမြဲတမ်းနေထိုင်သူ၊ ဘဝသက်တမ်း အတွင်း နယူးဇီလန်တွင် 12 လနှင့်အထက်ကြာအောင် ဆက်တိုက်နေထိုင်ခဲ့ဖူးသူ ဖြစ်လျှင် စာရင်းသွင်းရမည်။

### သင့်အသေးစိတ်အချက်များကို အွန်လိုင်းမှ စာရင်းသွင်း၊ စစ်ဆေး (သို့) အသစ်ဖြည့်စွက်ပါ

သင့်အသေးစိတ်အချက်များကို သင်၏ နယူးဇီလန် ယာဉ်မောင်းလိုင်စင်၊ နယူးဇီလန် ပတ်စ်ပို့ (သို့) အတည်ပြုပြီး RealMe အကောင့်အမည်ကို အသုံးပြုပြီး အွန်လိုင်းမှ စာရင်းသွင်း၊ စစ်ဆေးရန် (သို့) အသစ်ဖြည့်စွက်ရန် လွယ်ပါသည်။

- **vote.nz သို့သွားရန်**
- **0800 36 76 56 ကို ဖုန်းခေါ်ဆိုရန်**
- **သင့်အမည်နှင့် လိပ်စာကို 3676 ထံ အခမဲ့စာတိုပို့ရန်**

### သင်၏ EasyVote ပက်ကေ့ချ်

စက်တင်ဘာလ 10 ရက်၊ တနင်္ဂနွေနေ့မတိုင်ခင် သင်စာရင်းသွင်းပြီးဖြစ်လျှင် EasyVote ပက်ကေ့ချ်ကို မေးလ်တွင် လက်ခံရရှိမည်ဖြစ်သည်။

သင်၏ EasyVote ပက်ကေ့ချ်က သင်မည်သည့်အချိန်တွင် မည်သူ့အတွက် မဲပေး နိုင်မည်ကို ပြောပြမည်ဖြစ်သည်။ သင်၏ ပက်ကေ့ချ်တွင် မဲပေးရာ၌ ပိုလွယ်ကူစေမည့် သင့်အတွက် သီးသန့် EasyVote ကတ်လည်း ပါဝင်မည်။ သင်၏ EasyVote ကတ်မပါရှိဘဲ မဲပေးနိုင်သော်လည်း အချိန်ပိုကြာနိုင်ပါသည်။

ရွေးကောက်ပွဲနေ့၌အပါအဝင် စက်တင်ဘာလ 10 ရက်၊ တနင်္ဂနွေနေ့ နောက်ပိုင်းမှ သင်စာရင်းသွင်းလျှင် EasyVote ကတ် ရရှိမည်မဟုတ်ပါ။ သင့်အနေနှင့် အချိန်ပိုကြာသည့် အထူးမဲပေးရန် လိုအပ်ပါမည်။

**မဲပေးမှု ဖွင့်လှစ်ချိန်** – အောက်တိုဘာလ 2 ရက်၊ တနင်္လာနေ့ မနက် 9 နာရီ

**မဲပေးမှု ပိတ်သိမ်းချိန်** –ရွေးကောက်ပွဲနေ့၊ အောက်တိုဘာလ 14 ရက်၊ တနင်္ဂနွေနေ့၊ ည 7 နာရီ

### မဲရုံများဖွင့်မည့်အချိန်နှင့် ၎င်းတို့ကို ရှာတွေ့နိုင်သည့်နေရာ

အထွေထွေရွေးကောက်ပွဲတွင် အောက်တိုဘာလ 2 ရက်၊ တနင်္လာနေ့မှ စတင်၍ ရွေးကောက်ပွဲနေ့ဖြစ်သည့် အောက်တိုဘာလ 14 ရက်၊ စနေနေ့အထိ မည်သည့် မဲရုံတွင်မဆို စာရင်းသွင်း၍ မဲပေးနိုင်သည်။

ရွေးကောက်ပွဲနေ့ဖြစ်သည့် အောက်တိုဘာလ 14 ရက်၊ စနေနေ့တွင် မဲရုံများ အားလုံးကို မနက် 9 နာရီမှ ည 7 နာရီအထိ ဖွင့်ပါမည်။

မဲရုံများ၏ တည်နေရာများ၊ ဖွင့်ချိန်များနှင့်ပတ်သက်သည့် အချက်အလက်များကို စက်တင်ဘာလလယ်မှစ၍ **vote.nz** တွင်ဖြစ်စေ၊ **0800 36 76 56** ကို ဖုန်းခေါ်ဆို၍ဖြစ်စေ ရယူနိုင်ပါသည်။

### စာရင်းသွင်းခြင်း၊ မဲပေးခြင်းနှင့်ပတ်သက်သည့် နောက်ထပ်အချက်အလက်များ ကြည့်ရန်နေရာ

- **vote.nz** သို့ ဝင်ရောက်ကြည့်ရှုပါ
- **0800 36 76 56** ကို ဖုန်းခေါ်ဆိုပါ

ဤအချက်အလက်များသည် သင်သိသည့်တစ်စုံတစ်ယောက်အတွက် အသုံးဝင်မည်ဆိုလျှင် ၎င်းတို့ကို ပြောပြပါ။

စာရင်းသွင်းခြင်း၊ မဲပေးခြင်းနှင့် ပတ်သက်သည့်အချက်အလက်များကို အခြားဘာသာစကားများနှင့် ဝင်ရောက်အသုံးပြုနိုင်သော ပုံစံများဖြင့် **vote.nz** တွင် ရရှိနိုင်ပါသည်။

# မဲပေးရန် နည်းလမ်း

## 1 သင်၏ EasyVote ကတ်ကို ယူဆောင်သွားပါ။

မဲပေးရာတွင် ပိုလွယ်ကူစေမည်ဖြစ်၍ EasyVote ကတ်ကို သင်နှင့်အတူ ယူဆောင်သွားပါ။ သင့်ကတ်ကို မေ့ကျန်ခဲ့လျှင် သို့မဟုတ် ကတ်မရှိလျှင်လည်း မဲပေးနိုင်ပါသည်။




## 2 မဲရုံတွင် သင့်ကိုကူညီပေးမည့်သူတစ်ယောက် ရှိမည်ဖြစ်သည်။

သင့်မဲရုံရှိ ရွေးကောက်ပွဲလုပ်သားများက သင်လုပ်ရမည့်အရာနှင့် သွားရမည့်နေရာကို ပြသပေးလိမ့်မည်။



## 3 အထွေထွေရွေးကောက်ပွဲတွင် ပေးရမည့်မဲ

အထွေထွေရွေးကောက်ပွဲတွင် ပါတီဆန္ဒမဲနှင့် ကိုယ်စားလှယ်ဆန္ဒမဲဟူ၍ သင်မဲနှစ်ခုပေးရပါမည်။

### သင်၏ ပါတီဆန္ဒမဲ




သင်၏ ပါတီဆန္ဒမဲသည် သင်ထောက်ခံလိုသည့် နိုင်ငံရေးပါတီအတွက်ဖြစ်သည်။

ဤဆန္ဒမဲသည် ပါလီမန်တွင် နိုင်ငံရေးပါတီတစ်ခုစီရရှိမည့် နေရာအရေအတွက်စုစုပေါင်းကို အဓိက အဆုံးအဖြတ်ပေးပါသည်။ ပါတီဆန္ဒမဲ ဝေစုပိုများသည့် ပါတီများသည် ပါလီမန်တွင် နေရာပိုများ၍ ရရှိပါမည်။

သင်သည် အထွေထွေစာရင်းတွင်ပါဝင်သည်ဖြစ်စေ၊ မာအူရီစာရင်းတွင်ပါဝင်သည်ဖြစ်စေ တူညီသော နိုင်ငံရေးပါတီများစာရင်းမှ ရွေးချယ်နိုင်ပါသည်။

သင်၏ မဲပေးလွှာပေါ်တွင် သင်ရွေးချယ်သော နိုင်ငံရေးပါတီ၏အမည်ဘေးတွင် အမှန်ခြစ်ပါ။

### သင်၏ ကိုယ်စားလှယ်ဆန္ဒမဲ




သင်၏ ကိုယ်စားလှယ်ဆန္ဒမဲသည် သင်နေထိုင်သည့်နေရာအတွက် ပါလီမန် ကိုယ်စားလှယ်အဖွဲ့ဝင် (MP) အဖြစ် သင်ဖြစ်စေချင်သည့် ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်းကို ရွေးချယ်ရန်ဖြစ်သည်။

သင်၏မဲဆန္ဒနယ်တွင် မဲအများဆုံးရရှိသော ရွေးကောက်ပွဲဝင်ကိုယ်စားလှယ်လောင်းသည် သင်၏မဲဆန္ဒနယ် MP ဖြစ်မည်။ ၎င်းတို့သည် သင်၏ဒေသတွင်းနေရာကို ကိုယ်စားပြုမည်ဖြစ်သည်။

မာအူရီစာရင်းတွင် သင်ပါဝင်ပါက မာအူရီ မဲဆန္ဒနယ်တစ်ခုတွင် ယှဉ်ပြိုင်သော ကိုယ်စားလှယ်လောင်းတစ်ဦးကို သင်မဲပေးရမည်။

အထွေထွေစာရင်းတွင် သင်ပါဝင်ပါက အထွေထွေ မဲဆန္ဒနယ်တစ်ခုတွင် ယှဉ်ပြိုင်သော ကိုယ်စားလှယ်လောင်းတစ်ဦးကို သင်မဲပေးရမည်။

သင်၏မဲပေးလွှာပေါ်တွင် သင်၏ဒေသတွင်းနေရာကို ကိုယ်စားအပြုစေချင်ဆုံး ရွေးကောက်ပွဲဝင်ကိုယ်စားလှယ်လောင်း၏ အမည်ဘေးတွင် အမှန်ခြစ်ပါ။



ပါတီဆန္ဒမဲများ၏ ဤအချိုးအစား = ပါလီမန်ရှိနေရာများ၏ တူညီသော အချိုးအစား

## 4 သင်၏မဲပေးလွှာကို ထားရှိပေးထားသော မဲပုံးထဲသို့ ထည့်ပါ။

ထိုသို့ထည့်ပြီးလျှင် မဲပေးပြီးပါပြီ။




## မဲရုံနေရာသို့ မသွားနိုင်ဖြစ်နေပါသလား။

ဥပမာအားဖြင့် နာမကျန်းမှု၊ အသက်အရွယ် (သို့) မသန်စွမ်းမှုကြောင့် မဲရုံနေရာသို့ မသွားနိုင်ဖြစ်နေလျှင် မဲပေးရန် အကူအညီရယူနိုင်ပါသည်။ သင့်အတွက် ရွေးချယ်စရာများကို နောက်ထပ်သိရှိနိုင်ရန် **vote.nz** တွင်ကြည့်ပါ (သို့) ပြောဆိုနိုင်ရန် **0800 36 76 56** ကို ဖုန်းခေါ်ဆိုပါ။

ပြုစုစောင့်ရှောက်ရေးဂေဟာတွင် သင်နေထိုင်ပါက သင့်ဒေသ မဲဆန္ဒနယ်မန်နေဂျာသည် မဲပေးခြင်းဝန်ဆောင်မှုများ စီစဉ်နိုင်ရန် သင့်ဂေဟာ၏မန်နေဂျာထံ ဆက်သွယ်ပါလိမ့်မည်။

ဆေးရုံတက်နေသောကြောင့် သင်မဲရုံသို့ မသွားနိုင်ပါက အောက်တိုဘာလ 2 ရက်၊ တနင်္လာနေ့မှ စတင်၍ မိတ်ဆွေ (သို့) မိသားစုဝင်တစ်ဦးသည် သင့်မဲပေးလွှာများကို သင့်ဆီယူလာပေးနိုင်သည်။

## ပြည်ပမှ မဲပေးခြင်း

ပြည်ပမှနေ၍ သင်မဲပေးမည်ဆိုလျှင် အောက်တိုဘာလ 13 ရက်၊ သောကြာနေ့ ညသန်းခေါင်မတိုင်မီ စာရင်းသွင်းပြီးဖြစ်ရမည်။ သင်၏အသေးစိတ်အချက်များကို **vote.nz** တွင် စာရင်းသွင်း (သို့) အသစ်ဖြည့်စွက်နိုင်ပါသည်။

အောက်တိုဘာလ 27 ရက်၊ ဗုဒ္ဓဟူးနေ့မှ အောက်တိုဘာလ 14 ရက်၊ စနေနေ့ ည 7 နာရီ (NZ time) မတိုင်ခင်အထိ ပြည်ပမှ မဲပေးနိုင်ပါသည်။

ပြည်ပမှမဲပေးရန် အလွယ်ကူဆုံးနှင့် အမြန်ဆုံးနည်းလမ်းမှာ သင်၏မဲပေးလွှာကို ဒေါင်းလုတ်ဆွဲပြီး ပြီးအောင်ဖြည့်ကာ **vote.nz** တွင် တင်သွင်းခြင်းဖြစ်သည်။

**ပြည်ပမှဖုန်းခေါ်ဆိုမှု–** +64 9 909 4182 (နိုင်ငံတကာဖုန်းခေါ်ဆိုမှုနှုန်းထားများ ကုန်ကျနိုင်ပါသည်)

**နယူးဇီလန်မှ ဖုန်းခေါ်ဆိုမှု–** 0800 36 76 56

## သင့်မဲပေးလွှာများကို ဖတ်ရန် (သို့) အမှန်ခြစ်ရန် အကူအညီလိုနေပါသလား။

သင့်မဲပေးလွှာများကို ဖတ်ရန် (သို့) အမှန်ခြစ်ရန် သူငယ်ချင်း၊ မိသားစုဝင် (သို့) မဲဆန္ဒနယ်အရာရှိက ကူညီပေးနိုင်ပါသည်။ ထိုပုဂ္ဂိုလ်သည် –

- သင်နှင့်အတူ မဲပေးသည့်အကာအရံနောက်သို့ သွားနိုင်သည်။
- မဲပေးလွှာပေါ်ရှိ စာလုံးများနှင့် အချက်အလက်များကို ဖတ်ပြနိုင်သည်။
- သင်တောင်းဆိုလျှင် သင့်အတွက် မဲပေးလွှာကို အမှန်ခြစ်ပေးနိုင်သည်။

အထွေထွေရွေးကောက်ပွဲတွင် သင်မည်သူ့ကို မဲပေးသင့်ကြောင်း ထိုသူကပြောရ၍မရပါ။

သင်မျက်စိလုံးဝမမြင်ရလျှင်၊ တစ်စိတ်တစ်ပိုင်း မျက်စိကွယ်နေလျှင် (သို့) ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းမှုရှိနေလျှင် သင့်မဲပေးလွှာကို အကူအညီမပါဘဲ အမှန်မခြစ်နိုင်ဟုဆိုလိုသည့်အတွက် တယ်လီဖုန်းဖြင့် ရွတ်ဆိုဖတ်ပြသော ဝန်ဆောင်မှုကို အသုံးပြုပြီး မဲပေးနိုင်သည်။

ဤဝန်ဆောင်မှုကို အသုံးပြုရန်အတွက် အမည်စာရင်းပေးရန်လိုအပ်ပါသည်။ အမည်စာရင်းသွင်းရန် **0800 028 028** ကို ဖုန်းခေါ်ဆိုပြီး ရွေးချယ်မှု 1 ကိုရွေးချယ်ပါ။

အောက်တိုဘာ 11 ရက်၊ တနင်္လာနေ့မှစ၍ အောက်တိုဘာလ 14 ရက်၊ စနေနေ့ မွန်းတည့်ချိန်မတိုင်မီအထိအမည်စာရင်းပေးသွင်းနိုင်ပါသည်။

ဤဝန်ဆောင်မှုနှင့်ပတ်သက်၍ နောက်ထပ်သိရှိနိုင်ရန် **vote.nz** သို့ ဝင်ရောက်ကြည့်ရှုပါ။